# စာရေးသူ၏အမှာ

ဒီစာအုပ်မှာ Hardware, System, Network, Troubleshooting, Virus ဆိုပြီး အပိုင်း ၅ခု ပါဝင်ပါတယ်။

Hardware အပိုင်းမှာ ပါဝင်တဲ့ HP Core i5 အခန်းမှာ desktop နဲ့ laptop တွေရဲ့ကွာခြားပုံ၊ laptop ကွန်ပျူတာတွေကို အမျိုးအစားခွဲခြားတဲ့နည်းလမ်းတွေ၊ ဝယ်ယူဖို့သိထားသင့်တဲ့အကြောင်းတွေ၊ ထိန်းသိမ်းရမယ့် နည်းလမ်းတွေ ထည့်သွင်းထားပါတယ်။

System အပိုင်းမှာတော့ True Image 2009 ကို အသုံးပြုပြီး backup လုပ်တဲ့နည်းလမ်းတွေကို ထည့်သွင်းထားပါတယ်။ Windows 7 မှာ data မပျက်ဘဲ partition အညီအမျှ ပိုင်းနိုင်ဖို့၊ Partition တွေ ပေါင်းစည်းနိုင်ဖို့ Shrink and Extend အခန်းမှာ ဖော်ပြထားပါတယ်။ EASEUS Partition Manager ကတော့ data မပျက်အောင် နှစ်သက်သလို partition အသစ်ပိုင်းနိုင်ပါတယ်။ TuneUp utilities ကတော့ တကယ့်ကို နှစ်သက်စရာကောင်းလှတဲ့ စွယ်စုံရ utility တစ်ခု ဖြစ်ပါတယ်။ Registry ရဲ့ error တွေကို fix လုပ်နိုင်ပါတယ်။ အကြောင်းမျိုးစုံကြောင့် နှေးနေတဲ့ ကွန်ပျူတာကို မြန်အောင်လုပ်ပေးနိုင်တဲ့ စွမ်းအားမြင့် utility တစ်ခု ဖြစ်ပါတယ်။

Windows 7 မှာ တချို့ utilities တွေ အသုံးမပြုနိုင်တော့ပါ။ ဒါပေမယ့် VMware ကို အသုံးပြုကာ Windows အပေါ်မှာ နောက်ထပ် Virtual Machine တွေ ဖန်တီးနိုင်ပါတယ်။ Virtual Machine မှာ နှစ်သက်ရာ Windows တွေကို install လုပ်နိုင်ပါတယ်။ နှစ်သက်ရာ Windows ကို install လုပ်ပြီး ဒီ Windows မှာ မိမိစမ်းသပ်လိုသမျှ software တွေကို install လုပ်နိုင်တဲ့ VMware ရဲ့ ကျေးဇူးက တကယ့်ကို ကြီးမားလှပါတယ်။

Laptop ကွန်ပျူတာအသုံးပြုသူတွေအတွက် driver တွေကို backup လုပ်ထားဖို့ အရေးကြီးပါတယ်။ Double Driver ကို အသုံးပြုပြီး backup လုပ်နိုင်ပါတယ်။ မိမိရဲ့ files တွေကို PDF ပြောင်းနိုင်ဖို့ Primo PDF Creator ကို ထည့်သွင်းထားပါတယ်။

Workgroup Network ချိတ်ဆက်နိုင်ဖို့ Windows 7 ရဲ့ command တွေက ပြောင်းသွားပြီ ဖြစ်ပါတယ်။ Windows 7 Network မှာ Windows 7 နဲ့ Windows XP Network ချိတ်ဆက်တဲ့နည်းလမ်းတွေ ပါဝင်ပါတယ်။

Troubleshooting မှာတော့ Laptop မှာ အသုံးပြုတဲ့ SO-DIMM DDR2 Memory, IDE, SATA Hard Disk တို့ ပျက်စီးတဲ့အခါ အစားထိုးစမ်းသပ်တဲ့နည်းလမ်းတွေကို မြင်တွေ့ရမှာ ဖြစ်ပါတယ်။ Laptop နဲ့ Projector တွဲဖက်အသုံးပြုပုံတွေကိုလည်း ဖော်ပြထားပါတယ်။ Laptop အများစုမှာ Windows XP အသုံးပြုလို့ရအောင် setting ပြင်တဲ့နည်းလမ်းတွေကိုလည်း မဖြစ်မနေ သိထားသင့်ပါတယ်။

ဗိုင်းရပ်စ်အပိုင်းမှာ laptop CD-ROM ပျက်နေတဲ့ ကွန်ပျူတာကို ဗိုင်းရပ်စ်တို့ ဝင်ရောက်လာတဲ့အခါ အခြား ကွန်ပျူတာကို အသုံးပြုပြီး ဗိုင်းရပ်စ်တို့ကို ရှင်းလင်းတဲ့နည်းလမ်းတွေ၊ CD-ROM ပျက်နေစဉ်မှာ Windows XP ထည့်သွင်းပုံတွေကို ဖော်ပြထားပါတယ်။

ဒီစာအုပ်ဖတ်ပြီးရင်တော့ laptop ကွန်ပျူတာနဲ့ Windows 7 အကြောင်း၊ အဆင့်မြင့် utilities တွေ အကြောင်းကို နားလည်သွားမယ်လို့ ယုံကြည်ပါတယ်။ ကွန်ပျူတာပြုပြင်ခြင်းအတတ်ပညာတွေဟာ ပြောင်းလဲတိုးတက်နေပါတယ်။ ဒီအတွက် နောက်ထပ် စာအုပ်အသစ်တွေ ထွက်ရှိလာဦးမှာ ဖြစ်ပါတယ်။ ကွန်ပျူတာ ဝါသနာရှင်တွေရဲ့ အခက်အခဲတွေကို အမြဲတမ်း စူးစမ်းနေပါတယ်။ ကွန်ပျူတာနဲ့ပတ်သက်တဲ့ အခက်အခဲဟူသမျှ မေးမြန်းနိုင်ပါတယ်။

မေတ္တာများစွာဖြင့်

၂၀၁၁ခုနှစ်၊ မတ်လ(၂၇)ရက်နေ့။

အေးကိုကို
B.E (Electronics)
FEB Computer Centre
No. 219, 1st Floor, 29th Street
Pabedan Township, Phone - 241861